# ၁၉၆၂ ခုနှစ်၊ ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေးဥပဒေ။

## [၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၃၃။]

## ၁၉၆၂ ခုနှစ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

Myanmar Law Information System (MLIS)

၁။ ။ (၁) ဤဥပဒေကို **၁၉၆၂ ခုနှစ်၊ ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲရေး ဥပဒေ**ဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ၁၉၆၂ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် စတင်အာဏာတည်ရမည်။

၂။ ။ (၁) အောက်တွင်ဖော်ပြရာပါ တာဝန်ခံအသီးသီးသည်၊ မိမိနှင့်ယှဉ်တွဲဖော်ပြထားသော ဘဏ္ဍာတော် ငွေများမှ၊ ဆက်လက်ယှဉ်တွဲဖော်ပြထားသည့် ကျပ်ငွေစုစုပေါင်းကို၊ ထပ်မံဆက်လက်ယှဉ်တွဲဖော်ပြထား သော ဇယားတွင်ဖော်ပြထားသည့်အတိုင်းထုတ်၍၊ ၁၉၆၃ ခုနှစ်၊ စက်တဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံး သည့်ဘဏ္ဍာတော်နှစ်ဆိုင်ရာ အသုံးစရိတ်များနှင့် ကိစ္စများအတွက်ခွဲဝေသုံးစွဲနိုင်သည်။

| အမှတ်စဉ်။ | တာဝန်ခံ။ | ဘဏ္ဍာတော်ငွေအမည်။ | စုစုပေါင်းငွေ | ရည်ညွှန်းသည့် နောက်ဆက်တွဲဇယား။ |
|---|---|---|---|---|
| ၁ | ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရဘဏ္ဍာရေး ဌာနတာဝန်ခံ။ | ပြည်ထောင်စုမြန်မာနိုင်ငံ၏ဘဏ္ဍာတော်ငွေများ။ | ၁,၈၀,၁၁,၉၈,၁၀၀ | နောက်ဆက်တွဲဇယား (က)။ |
| ၂ | ရှမ်းပြည်နယ်ဦးစီးအဖွဲ့ဥက္ကဋ္ဌ။ | ရှမ်းပြည်နယ်၏ဘဏ္ဍာတော်ငွေများ။ | ၃,၉၅,၃၄,၁၀၀ | နောက်ဆက်တွဲဇယား (ခ)။ |
| ၃ | ကချင်ပြည်နယ်ဦးစီး အဖွဲ့ဥက္ကဋ္ဌ။ | ကချင်ပြည်နယ်၏ ဘဏ္ဍာတော်ငွေများ။ | ၂,၃၈,၆၆,၂၀၀ | နောက်ဆက်တွဲဇယား (ဂ)။ |
| ၄ | ကရင်ပြည်နယ်ဦးစီး အဖွဲ့ဥက္ကဋ္ဌ။ | ကရင်ပြည်နယ်၏ ဘဏ္ဍာတော်ငွေများ။ | ၁,၄၅,၁၅,၀၁၁ | နောက်ဆက်တွဲဇယား (ဃ)။ |
| ၅ | ကယားပြည်နယ်ဦးစီးအဖွဲ့ဥက္ကဋ္ဌ။ | ကယားပြည်နယ်၏ | ၆၀,၉၆,၃၁၀ | နောက်ဆက်တွဲဇ |

| | | | | |
|---|---|---|---|---|
| | | ဘဏ္ဍာတော်ငွေများ။ | | ယား (င)။ |

(၂) ၁၉၆၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့်ဘဏ္ဍာတော်နှစ်အတွင်းတွင် စုစုပေါင်းကျပ် ငွေ ၄,၅၀,၀၀,၀၀,၀၀၀ ထက်မပိုသောငွေများကို၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ဘဏ္ဍာရေးဌာနတာဝန်ခံသည်၊ အစိုးရငွေချေးစာချုပ်များ ထုတ်ပေးခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ မည်သူ့ထံမှမဆိုငွေချေးယူနိုင်သည့်ပြင်၊ ထိုကဲ့သို့ငွေချေးသောကိစ္စအတွက်၊ မိမိသင့်သည်ထင်မြင်သည့် အတိုးနှုန်းများသတ်မှတ်၍၎င်း၊ ပြန်ဆပ်ရန်၊ ပြန်ရွေးရန်၊ သို့တည်းမဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များထား၍၎င်း အာမခံစာချုပ်များပြုလုပ်၍လည်း ထုတ်ပေးနိုင်သည်။

(၃) တရားဥပဒေများအရသော်၎င်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌက တရားဥပဒေနှင့်အညီ ထုတ်ပြန်သောအမိန့်အရသော်၎င်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ကသော်၎င်း ဖွဲ့စည်းထားသောအဖွဲ့များက၊ သို့တည်းမဟုတ် ဒေသန္တရအာဏာပိုင်များက၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရ ဘဏ္ဍာရေးဌာန တာဝန်ခံ၏ သဘောတူညီချက်ဖြင့်၊ ချေးယူသည့်ငွေ များကို၊ ကျသင့်သောအတိုးနှင့်တကွ ပေးဆပ်ရန်အတွက်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေး အစိုးရ ဘဏ္ဍာရေးဌာနတာဝန်ခံက တာဝန်ခံနိုင်သည်။ သို့သော်လည်း ၁၉၆၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့်ဘဏ္ဍာတော်နှစ်အတွင်း၊ ထိုကဲ့သို့တာဝန်ခံသည့် ချေးငွေစုစုပေါင်းသည်၊ ကျပ်ငွေ ၅၀ ကုဋေထက်မပိုစေရ။

(၄) ဤဥပဒေအရ ချေးယူရရှိသောငွေအားလုံးကို ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဘဏ္ဍာတော်ငွေများတွင် ထည့်သွင်းရမည်။

(၅) ဤဥပဒေအရ ထုတ်ပေးသည့်အာမခံစာချုပ်များနှင့် သက်ဆိုင်သောငွေရင်းနှင့်အတိုးကို၎င်း၊ ထိုအာမခံစာချုပ်များ ထုတ်ပေးသည့် ကိစ္စနှင့်စပ်လျဉ်း၍ ကုန်ကျသည့်စရိတ်ငွေများကို၎င်း ပြည်ထောင် စုမြန်မာနိုင်ငံ၏ ဘဏ္ဍာတော်ငွေများမှ ထုတ်ပေးရမည်။

----- Footnote -----

[ပင်ရင်း- ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေများ (ပထမတွဲ) မှ ကူးယူတင်ပြသည်။]

----- Attachment -----

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 နောက်ဆက်တွဲဇယား (က)။ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဘဏ္ဍာတော်ငွေများမှသုံးစွဲရန်စာရင်း။

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 နောက်ဆက်တွဲဇယား (ခ)။ရှမ်းပြည်နယ်၏ ဘဏ္ဍာတော်ငွေများမှ သုံးစွဲရန်စာရင်း။

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 နောက်ဆက်တွဲဇယား (ဂ)။ကချင်ပြည်နယ်၏ဘဏ္ဍာတော်ငွေများမှသုံးစွဲရန်စာရင်း။

[ ပူးတွဲဖော်ပြသော စာရင်း 4 ] 04 နောက်ဆက်တွဲဇယား (ဃ)။ကရင်ပြည်နယ်၏ ဘဏ္ဍာတော်ငွေများမှ သုံးစွဲရန်စာရင်း။

[ ပူးတွဲဖော်ပြသော စာရင်း 5 ] 05 နောက်ဆက်တွဲဇယား (င)။ကယားပြည်နယ်၏ဘဏ္ဍာတော်ငွေများမှသုံးစွဲရန်စာရင်း။

Myanmar Law Information System (MLIS)